EMReF Enlightened Myanmar Research Foundation

ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၂)၊ အမှတ်-၆၅

အောက်တိုဘာ ၉ ရက်၊ ၂၀၁၈

### စာရင်းစစ်အဖွဲ့ရဲ့ အစီရင်ခံစာနဲ့ မေးခွန်းထုတ်ရတော့မယ့်

## ရန်ကုန်အစိုးရအဖွဲ့ရဲ့ ပြည်သူ့ဘဏ္ဍာရှင်းတမ်း (ပထမပိုင်း)



ဓာတ်ပုံ-Yangon Region Hluttaw Facebook Page

**အောက်တိုဘာ ၈၊ ၂၀၁၈**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာငွေသုံးစွဲမှုနှင့်ပတ်သက်ပြီး စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာ ထွက်ပေါ်လာခဲ့သည်။

ယင်းအစီရင်ခံစာအား လွှတ်တော်သို့ တင်သွင်းအပြီးတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများမှာ ပြည်သူများအကြား ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာခဲ့သည်။

ထွက်ပေါ်လာသည့် အစီရင်ခံစာတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပြည်သူ့ဘဏ္ဍာသုံးစွဲမှုများအနက် ဝေဖန်ခံရမှုအများဆုံးဖြစ်သည့်အကြောင်းအရာများမှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဖြည့်စွက်ခွင့်ပြုငွေ (အဖွဲ့အစည်းများတွင် ရင်းနှီးငွေခေါင်းစဉ်)မှ ခွင့်ပြုငွေ ကျပ် ၁၃၄ ဘီလျံအား Yangon Metropoliton Development Public Co.,Ltd တွင် ၅၄ ဘီလျံ၊ New Yangon Development Co.,Ltd တွင် ၁၀ ဘီလျံ၊ ရန်ကုန်ဘတ်စ်ကားအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (YBPC) တွင် ၃၅ ဘီလျံ၊ ရန်ကုန်မြို့ပြအများပြည်သူသယ်ယူပို့ဆောင်ရေး အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (YUPT) တွင် ၃၅ ဘီလျံ စုစုပေါင်း ကျပ် ၁၃၄ ဘီလျံ နှင့် ကျောင်းကားများအတွက် ကျပ် ၁၀ ဒသမ ၅ ဘီလျံနှင့် ရန်ကုန်ညဈေးအတွက် ကျပ်သိန်းပေါင်း ၁၈၀၀ ရင်းနှီးမြှုပ်နှံထားမှုပင်ဖြစ်သည်။

စာမျက်နှာ ၃၀၀ ကျော်ပါဝင်သည့် ယင်းအစီရင်ခံစာအား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တွင်ကိုယ်စားလှယ် ၂၀ ကျော်က ဝင်ရောက်ဆွေးနွေးရန် စာရင်းပေးထားခြင်းဖြစ်ပြီး အစီရင်ခံစာအရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် စာရင်းရှင်းလင်းရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများကို ဖြေကြားရန် လိုအပ်လျက်ရှိသည်။

ရန်ကုန်မြို့တွင်အိမ်ရာစီမံကိန်းအပါအဝင် စီမံကိန်းများလုပ်ဆောင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အများပိုင်ကုမ္ပဏီနှစ်ခု ထူထောင်ထားသည်။ ယင်းကုမ္ပဏီများမှာ Yangon Metropoliton Development Public Co.,Ltd နှင့် New Yangon Development Co.,Ltd တို့ဖြစ်သည်။

Yangon Metropoliton Development Public Co.,Ltd အတွက် ထည့်ဝင်ရင်းနှီးငွေကျပ်သန်း ၆၄,၀၀၀ ရှိပြီး ယင်းတို့အနက် စီမံခန့်ခွဲမှု စရိတ်အဖြစ် ကျပ်သန်း ၁၁ ဒသမ ၄၆၀ ရှိသည်။ ယင်းကြောင့် အသားတင်အရှုံးမှာ ၁၁ ဒသမ ၄၆၀ သန်းဖြစ်သည်။ ယင်းငွေကြေးများမှာ ၂၀၁၇ ခုနှစ် မတ် ၃ ရက်မှ မတ်လကုန်အထိ ရုံးလုပ်ငန်းနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများအတွက် အသုံးပြုထားခြင်းဖြစ်သည်။ သို့သော်လုပ်ငန်းမစတင်နိုင်သေးပေ။

ထို့ပြင် New Yangon Development Co.,Ltd ကုမ္ပဏီတွင် ထည့်သွင်းထားသည့် ငွေကြေးများမှာလည်း လွှတ်တော်သို့ အသိမပေးဘဲ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့်သာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့လုပ်ဆောင်မှုမှာ အာဏာကို အလွဲသုံးစားပြုလုပ်ခြင်းဖြစ်သည်ဟု ဆိတ်ကြီးခနောင်တိုမြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းက လွှတ်တော်တွင် ဝေဖန်ခဲ့သည်။

*(နောက်တစ်ပတ် ဆက်လက်ဖော်ပြပါမည်။)*

**ကိုးကား- အောက်တိုဘာ ၈ ရက်နေ့ Weekly Eleven News, No. 50, Vol 13 ပါ ဇော်မင်းနိုင်၏ "စာရင်းစစ်အဖွဲ့ရဲ့ အစီရင်ခံစာနဲ့ မေးခွန်းထုတ်ရတော့မယ့် ရန်ကုန်အစိုးရအဖွဲ့ရဲ့ ပြည်သူ့ဘဏ္ဍာရှင်းတမ်း" သတင်းဆောင်းပါးမှ ကောက်နုတ်ဖော်ပြသည်။**

# မန်းလွှတ်တော်က ဖြတ်တောက်ခဲ့သည့် ကျပ် ၁၀ ဘီလီယံကျော်ကို ဒေသဖွံ့ဖြိုးရေးတွင် အသုံးပြုမည်

**အောက်တိုဘာ ၅၊ ၂၀၁၈**

မန္တလေးတိုင်းဒေသကြီးအစိုးရက တင်သွင်းခဲ့သော ၂၀၁၈-၁၉ ဘတ်ဂျက်မှအခြား ခေါင်းစဉ်ဖြင့်သာ ဆက်လက်အသုံးပြုရန် ဖြတ်တောက်ခဲ့သည့် ကျပ် ၁၀ ဘီလီယံကျော်(ကျပ် သန်းပေါင်း တစ်သောင်းကျော်)ကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အသုံးပြုရန် အောက်တို ဘာ ၄ ရက်ကကျင်းပသည့်လွှတ် တော်အစည်းအဝေးတွင် အတည်ပြုခဲ့သည်။

တိုင်းအစိုးရကတင်သွင်းသည့် ၂၀၁၈-၁၉ ဘတ်ဂျက်တွင် ဘဏ္ဍာငွေအများအပြားအသုံးပြု အကောင်အထည်ဖော်မည့် စီမံကိန်းလုပ်ငန်းအချို့၏ အသေးစိတ်အချက်အလက်များ တင်ပြနိုင်ခြင်းမရှိ၍ အခြားဒေသများ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပြောင်းလဲသုံးစွဲရန် လွှတ်တော်၏သဘောတူညီချက်ဖြင့် ဖြတ်တောက်ခြင်းဖြစ်သည်။

ဖြတ်တောက်ငွေ ကျပ်သန်းပေါင်း တစ်သောင်းကျော်(ကျပ် ၁၀ ဘီလီယံကျော်)ကို ကျေးလက်လမ်းများ ဖောက်လုပ်ခြင်းလုပ်ငန်း အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သုံးစွဲရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူက လွှတ်တော်သို့ တင်ပြခဲ့သည်။

ယင်းတို့ထဲမှ အသုံးပြုမည့် လုပ်ငန်းအချို့သည် အသေးစိတ်ရှင်းလင်းတင်ပြနိုင်ခြင်းမရှိသဖြင့် လုပ်ငန်းများကို လွှတ်တော်ကိုယ စားလှယ်များနှင့် ညှိနှိုင်းဆောင်ရွက်ရန်နှင့် လွှတ်တော်သို့ အသိပေးဆောင်ရွက်ရန် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ပြောသည်။

**(ကိုးကား:- www.7daydaily.com)**

# သတင်းပေးပုဂ္ဂိုလ်တို့ကို နိုင်နင်းစွာကိုင်တွယ်ရန် စစ်ကိုင်းလွှတ်တော်တွင် တောင်းဆို

**အောက်တိုဘာ ၃၊ ၂၀၁၈**

ဥပဒေစိုးမိုးရေးလုပ်ဆောင်ရေးအတွက် မွေးမြူထားသည့် သတင်းပေးပုဂ္ဂိုလ်တို့ကို နိုင်နင်းစွာကိုင်တွယ်နိုင်ခြင်းမရှိပါက ထိုပုဂ္ဂိုလ်တို့၏ ဥပဒေချိုးဖောက်မှု ပိုမိုများပြားလာမည်ဟု စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်မှ လွှတ်တော်အမတ်တစ်ဦးက အောက်တိုဘာ ၂ ရက်နေ့တွင်ပြောကြားလိုက်သည်။

အင်ဖော်မာ (informer) ဟုလည်း ခေါ်ကြသည့် သတင်းပေးပုဂ္ဂိုလ်တို့သည် ဌာနဆိုင်ရာဝန်ထမ်းများထက် တန်ခိုးအာဏာကြီးမားစွာလှုပ်ရှားလာကြကြောင်း၊ ၎င်းတို့က ဝင်ငွေထူးကဲစွာ ရှာပေးနိုင်မှုကြောင့် ဝန်ထမ်းများကလည်း အားကိုးတကြီးခိုင်းစေနေကြကြောင်း တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း (မင်းကင်း-၁)က ပြောသည်။

ထိုအခြေအနေကို သတင်းပေးပုဂ္ဂိုလ်တို့ကအသုံးချကာပြည်သူများကို ငွေညှစ်ခြင်း၊ ဖမ်းဆီးခြင်း၊ ကိုယ်ထိလက်ရောက် နှိပ်စက်ခြင်းများ ရှိလာသည်ဟု လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းက Myanmar Now သို့ ပြောသည်။

သတင်းပေးပုဂ္ဂိုလ်တို့ဥပဒေချိုးဖောက်မှုများရှိနေသည့်အကြောင်းကို ဦးကျော်ဆန်းက အောက်တိုဘာ ၂ ရက်နေ့ လွှတ်တော်အစည်းအဝေးတွင် မေးခွန်းထုတ်တင်ပြခဲ့သည်။



**အောက်တိုဘာ ၂ ရက်နေ့က စစ်ကိုင်း တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးတွင် မင်းကင်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) ဦးကျော်ဆန်း မေးခွန်းထုတ်နေစဉ် ဖြေကြားရန် စောင့်ဆိုင်းနေသော တိုင်းအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသန်းထွန်းအောင်။**
**(ဓာတ်ပုံ - စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်)**

အင်းတော်မြို့နယ် တောတွင်းတစ်နေရာတွင် တည်ထားသည့် သစ်စက်ကိုဓာတ်ပုံရိုက်သူခေါင်းဖြတ်အသတ်ခံရခြင်း၊ သတင်းပေးတစ်ဦးက ဒေသတွင်းလွှတ်တော်အမတ်တစ်ဦးကိုရဲတင်းဖြင့် ခုတ်တော့မည့်အချိန်တွင် ရဲတပ်ဖွဲ့က ဟန့်တားပစ်ခတ်လိုက်ရခြင်း၊ အခြားအမတ်တစ်ဦးဖြစ်သည့် ဦးထွန်းထွန်းဝင်းနှင့်အဖွဲ့ကို သတင်းပေးဆိုသူတစ်စုက ခြိမ်းခြောက်ခြင်း စသည့်ဖြစ်စဉ်များကို လွှတ်တော်တွင် ဥပမာပေးတင်ပြခဲ့သည်။

သတင်းပေးပုဂ္ဂိုလ်တို့ပတ်သက်မှု ရှိနိုင်သည့် မုံရွာမြို့နယ်မှ သတင်းထောက် ကိုစိုးမိုးထွန်းသတ်ဖြတ်ခံရမှုတွင် အမှုမှန်ပေါ်ပေါက်ရေး လွန်စွာကြန့်ကြာနေခြင်းကိုလည်း ဦးကျော်ဆန်းကထောက်ပြသည်။

ဦးကျော်ဆန်း၏ မေးခွန်းထုတ်ဆွေးနွေးမှုအပေါ် သတင်းပေးများကို ပြန်လည်ဆန်းစစ်ပြီး အသုံးချနိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း တိုင်းအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းထွန်းအောင်က ပြန်လည်ဖြေကြားခဲ့သည်။

လုပ်ပိုင်ခွင့်အာဏာ အလွဲသုံးစားလုပ်သည့် သတင်းပေးပုဂ္ဂိုလ်တို့ကို တိုင်ကြားစာများအရ သော်လည်းကောင်း၊ စုံစမ်းသိရှိသည့်အရသော်လည်းကောင်း စစ်ဆေးဖော်ထုတ်ပြီး တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်ဟု ဝန်ကြီးက ပြောသည်။

လုံခြုံရေး၊ နယ်မြေစိုးမိုးရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် 'သတင်း'သည် မရှိမဖြစ် ကုန်ကြမ်းဖြစ်နေသောကြောင့် သတင်းရရေးအတွက် သတင်းပေးများကို မွေးမြူထားရကြောင်း၊ သတင်း ၆ မျိုး၊ သတင်းပေးအမျိုးအစား ၇ မျိုး ခွဲခြားပြီး သတင်းရယူရေး ဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးက လွှတ်တော်တွင်ပြောသည်။

**(ကိုးကား:- www.mizzimaburmese.com)**

# ထားဝယ်လေယာဉ်ကွင်း ချဲ့ရှင်းခ ကျပ်သိန်း ၄၀၀၀ ကိစ္စ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြရမည်



ထားဝယ်လေယာဉ်ကွင်းအနီးဝန်းကျင်ကို တွေ့ရစဉ်။ (ဓာတ်ပုံ - Dawei Watch)

**အောက်တိုဘာ ၁၊ ၂၀၁၈**

၂၀၁၇ ခုနှစ် ဇန်နဝါရီလက ထားဝယ်လေယာဉ်ကွင်းချဲ့ရှင်းရန် တိုင်းဒေသကြီး အစိုးရက ငွေကျပ်သိန်း ၄၀၀၀ သုံးစွဲခဲ့ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတိကျသည့် အချက်အလက်အပြည့်အစုံအား နောက်ထပ်ကျင်းပမည့် အနီးစပ်ဆုံး လွှတ်တော် အစည်းအဝေးတွင် တင်ပြရန် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြရန် လွှတ်တော်ဒုတိယဥက္ကဋ္ဌက တိုင်းဒေသကြီးစာရင်းစစ်ချုပ်အား စက်တင်ဘာ ၂၈ က ကျင်းပသည့် လွှတ်တော်အစည်းအဝေးတွင် ပြောကြားခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဒုတိယ ၆ လပတ် ရသုံးမှန်းခြေငွေ စာရင်း အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ယခင် နဝမအကြိမ်လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်သို့ တင်သွင်းခဲ့သည်။ ယင်းအစီရင်ခံစာအပေါ် တိုင်းဒေသကြီးလွှတ်တော် ဘဏ္ဍာရေး၊ စီမံကိန်းနှင့်စီပွားရေးကော်မတီ၏ စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်များကို ကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းက ယခုကျင်းပသည့် ဒသမအကြိမ်လွှတ်တော်အစည်းအဝေးတွင် ဖတ်ကြားတင်ပြခဲ့သည်။ စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်များတွင် ထားဝယ်လေယာဉ်ကွင်း သစ်ပင်ချုံနွယ်ရှင်းခြင်းလုပ်ငန်းစာချုပ်တွင် သစ်ပင်ချုံနွယ် ရှင်းလင်းရမည့်ဧရိယာမှာ လေယာဉ်ကွင်း အတွင်းအပြင်ဟုသာပါရှိပြီး ရှင်းလင်းရမည့် ဧရိယာအကျယ်အဝန်း အတိုင်းအတာ အတိအကျမပါရှိခြင်း၊ တစ်ဧကရှင်းလင်းစရိတ် မသတ်မှတ်ထားခြင်း စသည်တို့ကို တွေ့ရှိရကြောင်း ဦးကျော်မင်းက လွှတ်တော်တွင် တင်ပြခဲ့သည်။

"စာချုပ်ထဲမှာ အကျယ်အဝန်း ဘယ်လောက်ဆိုတာမပါဘူး၊ တစ်ဧကကို ဘယ်လောက်နှုန်းနဲ့ရှင်းတာလဲဆိုတာ စာချုပ်ထဲမှာမပါဘူး"ဟု ဦးကျော်မင်းက ပြောသည်။

အကယ်၍ သစ်ပင်ချုံနွယ် ရှင်းလင်းရမည့် လေယာဉ်ကွင်းဧရိယာမှာ ဧက ၂၅၀ ခန့် ရှိမည်ဆိုပါက ၁ ဧကလျှင် ချုံနွယ်ရှင်းခ ငွေကျပ် ၁၆ သိန်းဝန်းကျင် ကျသင့်နေသဖြင့် သုံးစွဲခဲ့သည့်ငွေပမာဏမှာ အတော်ပင်များပြားနေသည်ဟု ကော်မတီက သုံးသပ်ခဲ့ကြောင်း ဦးကျော်မင်းက ပြောသည်။

စာရင်းစစ်ချုပ်ရုံးအနေဖြင့် အစိုးရ နှင့် ဌာနဆိုင်ရာမှ ငွေကြေးသုံးစွဲမှုများကို လျော့ရဲမှု ရှိ/မရှိ၊ မှန်/မမှန် တို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးရမည် ဖြစ်ကြောင်း လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုးက ပြောသည်။

အကယ်၍ လျော့လျော့ရဲရဲ လုပ်ဆောင်ခြင်းမျိုး စစ်ဆေးတွေ့ရှိပါက စာရင်းစစ်ချုပ်အား ခေါ်ယူကြားနာခြင်း၊ လုပ်ငန်း အကောင်အထည်ဖော်သည့် အစိုးရဌာနအား ခေါ်ယူကြားနာခြင်းမျိုး လွှတ်တော်မှလုပ်ဆောင်နိုင်ကြောင်း ၎င်းက ပြောသည်။

**(ကိုးကား:- Dawei Watch/ myanmar.mmtimes.com)**

# မန္တလေးတိုင်းတွင် တင်ဒါအောင် ကုမ္ပဏီအချို့ တည်ဆောက်ရေးလုပ်ရာတွင် အရည်အသွေးမပြည့်မီဟုဆို

**စက်တင်ဘာ ၂၇၊ ၂၀၁၈**

မန္တလေးတိုင်းအတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် တင်ဒါအောင်ကုမ္ပဏီအချို့က လုပ်ငန်းနှင့်သက်ဆိုင်သည့် စာချုပ်အချက်အလက်များကို လွှတ်တော်ကိုယ်စားလှယ်များအား အသိမပေးသည့်အပြင် စံချိန်၊ စံညွှန်းပြည့်ဝစွာလုပ်ကိုင်ခြင်းလည်းမရှိကြောင်း နွားထိုးကြီးမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ငြိမ်းသက်နွယ်က ပြောကြားသည်။

အဆိုပါဖြစ်စဉ်ကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် တင်ဒါအောင်ကုမ္ပဏီနှင့် အစိုးရအဖွဲ့တို့ကြား ချုပ်ဆိုထားသည့်စာရွက် စာတမ်းများကို စီမံကိန်းမစတင်မီ လွှတ်တော်ကိုယ်စားလှယ်များ၏လက်ဝယ်သို့ ရောက်ရှိနိုင်ရေး စီမံဆောင်ရွက်ပေးရန် စက်တင်ဘာ ၂၆ရက်ကကျင်းပသောမန္တလေးတိုင်းလွှတ်တော်အစည်းအဝေး တွင် မေးမြန်းခဲ့သည်။

၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင်လည်း နွားထိုးကြီးမြို့နယ်၌ တင်ဒါအောင်ကုမ္ပဏီက ၁၁ ကေဗီဓာတ်အားလိုင်းသွယ်တန်းရာတွင် ဒေသအုပ်ချုပ်ရေးတာဝန်ရှိသူများ၊ ကိုယ်စားလှယ်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းမရှိဘဲ လမ်းကြောင်းမှားသွယ်တန်းခဲ့ပြီး ကျေးရွာဒေသခံများနှင့်ပဋိပက္ခ ဖြစ်မှသာသိရှိရကြောင်း ဒေါ်ငြိမ်းသက်နွယ်က ပြောသည်။

ယင်းမေးခွန်းနှင့်ပတ်သက်၍ မန္တလေးတိုင်း လျှပ်စစ်၊ စွမ်းအင်နှင့်ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်က ပြည်သူ့ဘဏ္ဍာများဖြင့် သုံးစွဲတည်ဆောက်ရေးလုပ်ငန်းများတွင် ငွေကြေးယိုဖိတ်မှုမရှိစေရေး၊ အရည်အသွေး စံချိန်၊ စံညွှန်းပြည့်ဝစေရေး၊ ပြည်သူများ အချိန်မီအသုံးပြုနိုင်ရေးရည်ရွယ်၍ လုပ်ကိုင်နေကြောင်း လွှတ်တော်၌ ပြန်လည်ဖြေကြားသည်။

ထို့အပြင် ပွင့်လင်းမြင်သာမှု၊ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုလုပ်ငန်းကိုဖော်ဆောင်ရန် လိုအပ်မည်ဖြစ်၍တည် ဆောက်ရေးလုပ်ငန်းများဆိုင်ရာ လက်စွဲစာအုပ်ကို ပြုစုရေးဆွဲထားပြီး အခက်အခဲများကို အဆိုပါစာအုပ်ဖြင့်သာ ဖြေရှင်းနိုင်ကြောင်း ဝန်ကြီးက ဆိုသည်။

**(ကိုးကား:- www.7daydaily.com)**